၃။ လျှောက်လွှာတွင် အောက်ပါအချက်များကိုပြည့်စုံမှန်ကန်စွာဖော်ပြပါရှိရမည်။

(က) အမည်၊မှတ်ပုံတင်အမှတ်၊လက်ရှိရာထူး/ဌာန၊အမြဲတမ်းလိပ်စာနှင့်ဖုန်းနံပါတ်၊ဆက်သွယ်ရန် လိပ်စာနှင့်ဖုန်းနံပါတ်။

(ခ) အဘအမည်။

(ဂ) အစိုးရဝန်ထမ်းအဖြစ်စတင်ထမ်းဆောင်သည့်နေ့ရက်၊လ၊ခုနှစ်နှင့် အမှုထမ်းသက်။

(ဃ) အသက်နှင့်မွေးသက္ကရာဇ်။

(င) ပညာအရည်အချင်း။

(စ) တက်ရောက်လိုသည့်သင်တန်းနှင့်ဘာသာရပ်(တိကျစွာဖော်ပြရန်)။

(ဆ) အမှုထမ်းသက်မှတ်တမ်းအပြည့်အစုံ။(ခက်ခဲဒေသတွင် တာဝန်ထမ်းဆောင်ခဲ့ပါက ထောက်ခံစာနှင့်အတူ တစ်ပါတည်းတင်ပြရမည်)။

(ဇ) ပြည်ပသင်တန်းတစ်ခုခုသို့ တက်ရောက်ခွင့်လျှောက်ထားခြင်း(သို့မဟုတ်)ဝင်ခွင့်စာမေးပွဲ ဖြေဆိုထားခြင်းရှိ/မရှိ။

၄။ လျှောက်လွှာနှင့်အတူ အောက်ပါတို့ကိုပူးတွဲပေးပို့ရမည်။

(က) လျှောက်လွှာတွင်ဖော်ပြထားရှိသည့်အချက်အလက်များသည် မှန်ကန်မှုရှိပါကြောင်း၊ ကိုယ်တိုင်လက်မှတ်ရေးထိုးထားသောခံဝန်ချက်။

(ခ) ဆေးဘက်ဆိုင်ရာနည်းပညာဘွဲ့လက်မှတ်မိတ္တူနှင့်အမှတ်စာရင်းမိတ္တူ။

(ဂ) ဓာတ်ပုံ(၃)ပုံ(လိုက်စင်ဓါတ်ပုံ)။

(ဃ) ဆေးဘက်ဆိုင်ရာနည်းပညာတက္ကသိုလ်၊ရန်ကုန်၏ မြန်မာ့စီးပွားရေးဘဏ်အင်းစိန်တွင် ဖွင့်လှစ်ထားသောငွေစာရင်းအမှတ် MD- ၀၁၁၆၇၀ သို့ ဆေးဘက်ဆိုင်ရာနည်းပညာ မဟာသိပ္ပံ ဘွဲ့လွန်သင်တန်းဝင်ခွင့်စာမေးပွဲကြေးကျပ်- ၁၀၀၀ိ/(ကျပ်တစ်ထောင်တိတိ)ကို ပေးသွင်းထားသောချလံမူရင်း(၁)စောင်။

**(မှတ်ချက်။** မြို့နယ်စီးပွားရေးဘဏ်ခွဲများမှတဆင့် မြန်မာ့စီးပွားရေးဘဏ်၊ အင်းစိန်တွင် ဆေးဘက်ဆိုင်ရာနည်းပညာတက္ကသိုလ်၊ရန်ကုန် ငွေစာရင်းအမှတ်MD-၀၁၁၆၇၀ သို့ လိပ်မူ၍ ငွေလွှဲစနစ်ဖြင့်လည်း ပေးပို့နိုင်ပါသည်။)

၅။ လျှောက်လွှာကို သက်ဆိုင်ရာဦးစီးဌာန အကြီးအကဲမှတဆင့် လျှောက်ထားရမည်ဖြစ်ပြီး ကြိုတင်မိတ္တူတစ်စောင်ကို ဆေးဘက်ဆိုင်ရာနည်းပညာတက္ကသိုလ်၊ရန်ကုန် ပါမောက္ခချုပ်ထံ လိပ်မူ၍ မပျက်မကွက်ပေးပို့ရမည်။

၆။ လျှောက်လွှာများကို ဆေးဘက်ဆိုင်ရာနည်းပညာတက္ကသိုလ်၊ရန်ကုန်သို့ (၂၉-၉-၂၀၁၇)(သောကြာနေ့)နောက်ဆုံးထား၍ ပေးပို့ရမည်။မပြည့်စုံသည့်လျှောက်လွှာများနှင့် လျှောက်လွှာပိတ်ရက်ထက်နောက်ကျရောက်ရှိလာသော လျှောက်လွှာများကို လက်ခံစဉ်းစားမည်မဟုတ်ပါ။

၇။ စာမေးပွဲဖြေဆိုခွင့်ကတ်ပြားများကို(၂၅ - ၁၀ -၂၀၁၇)ရက်နေ့မှစ၍ ဆေးဘက်ဆိုင်ရာနည်းပညာတက္ကသိုလ်၊ရန်ကုန် သင်ကြားရေးဌာန၌ ထုတ်ပေးမည်။